# မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသော အတင်းအဓမ္မ စစ်မှုထမ်းစေခြင်း၏ ပကတိသရုပ်မှန်

လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ၏ အစီရင်ခံစာ

# အစီရင်ခံစာ မိတ်ဆက်ဖော်ပြချက်


| | | | |
|---|---|---|---|
| မိတ်ဆက်နိဒါန်း | ၀၀၂ | လေ့ကျင့်ရေးစခန်း အတွေ့အကြုံများ | ၀၁၀ |
| အစီရင်ခံစာ အနှစ်ချုပ် | ၀၀၃ | ရှေ့တန်းစစ်မျက်နှာမှ အတွေ့အကြုံများ | ၀၁၂ |
| နိဒါန်း | ၀၀၄ | လူငယ်များအား အတင်းအဓမ္မ စစ်မှုထမ်း ခေါ်ယူမှု၏ သက်ရောက်မှု | ၀၁၄ |
| အစီရင်ခံစာပြုစုရာတွင်အသုံးပြု သည့် သုတေသန နည်းနာများ | ၀၀၆ | လူ့အခွင့်အရေးဆိုင်ရာရှုထောင့်အမြင် | ၀၁၅ |
| စစ်မှုထမ်းခေါ်ယူမှုဆိုင်ရာ နည်းလမ်းများနှင့် နည်းစနစ် | ၀၀၈ | ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီအတွက် အကြံပြုချက်များ | ၀၁၇ |

# မိတ်ဆက်နိဒါန်း

မြန်မာနိုင်ငံတွင် အတင်းအဓမ္မစစ်မှုထမ်းရန် ပြဋ္ဌာန်းချက်သည် ယနေ့ တိုင်းပြည်တွင် ရင်ဆိုင်နေရသော အဆိုးရွားဆုံး လူ့အခွင့်အရေး အကျပ်အတည်းများထဲမှ တစ်ခုဖြစ်သည်။ လူတဦးချင်းစီကို စစ်မှုထမ်းရန် အကျပ်ကိုင်ခြင်း၊ အတင်းအကြပ် ခေါ်ဆောင်ခြင်း နှင့် အကြမ်းဖက်မှုများကို အကြမ်းဖက်စစ်အုပ်စုမှ စနစ်တကျ အကွက်ကျကျ လုပ်ဆောင်နေခြင်းသည် လူ့ဂုဏ်သိက္ခာကို ဆိုးရွားစွာ ချိုးဖောက်ခြင်းဖြစ်ပြီး နိုင်ငံတကာအနေဖြင့် အရေးတကြီး စိုးရိမ်သင့်သည့် ကိစ္စတရပ်လည်း ဖြစ်သည်။ ဤနည်းဗျူဟာများကို တိုင်းရင်းသား လူမျိုးစုများကြားတွင် တွင်ကျယ်စွာ ကျင့်သုံးခဲ့ပြီး ကျောင်းသားလူငယ်များ၊ လူနည်းစုတိုင်းရင်းသားများနှင့် ထိရှလွယ်သော လူများကို ပစ်မှတ်ထား လုပ်ဆောင်လျက်ရှိသည်။

ဤအစီရင်ခံစာသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ မြန်မာနိုင်ငံတွင် အတင်းအကြပ် စစ်မှုထမ်းခိုင်းစေခြင်းအား စိစစ်လေ့လာထားပြီး စစ်မှုထမ်းစေခြင်းခံခဲ့ရသူများနှင့် ကိုယ်တိုင်ကြုံတွေ့ခဲ့ဖူးသူများအား တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ သည်။ ၎င်းထိခိုက်နစ်နာသူတို့၏ သက်သေခံချက်များကို သက်သေအဖြစ် တင်ပြခြင်းဖြင့် အရေးယူဆောင်ရွက်နိုင်စေရန် ရည်ရွယ်သည်။ ဤအစီရင်ခံစာတွင် ပိုမိုကျယ်ပြန့်သည့် အခြေအနေ အခင်းအကျင်းကို ထင်ဟပ်ဖော်ပြရန်ထက် အင်တာဗျူး များတွင် မျှဝေထားသော အတွေ့အကြုံများကို အဓိကတင်ပြထားပါသည်။

ဤအစီရင်ခံစာသည်အကြမ်းဖက်စစ်အုပ်စု၏ တပ်သားသစ် စုဆောင်းခြင်းနည်းလမ်းများ၊ စစ်မှုထမ်းခံရသူများ၏ ရင်ဆိုင်ခဲ့ ရသော အတွေ့အကြုံများ၊ ပိုမိုကျယ်ပြန့်သော လူသားချင်း စာနာထောက်ထားမှုဆိုင်ရာနှင့် ဥပဒေဆိုင်ရာပါဝင် သက်ရောက်မှု များကို မီးမောင်းထိုး တင်ပြထားသည်။ စစ်မှုထမ်းစေခြင်းခံရသူများနှင့် ရင်ဆိုင်ကျော်လွှားနိုင်သူများ၏ အသံကို ပိုမိုသိရှိစေ ခြင်းဖြင့်၊ အကြမ်းဖက်စစ်အုပ်စုမှ ကျူးလွန်သည့် များစွာသော ချိုးဖောက်မှုများကို တစ်ကမ္ဘာလုံးက အာရုံစိုက်လာစေရန် ကျွန်ုပ်တို့ အထူးဂရုပြု လုပ်ဆောင်လျက်ရှိပါသည်။

ဤအစီရင်ခံစာသည် မတရားမှုများကို မှတ်တမ်းတင်ခြင်းဖြစ်ပြီး၊ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ အပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများက အရေးယူဆောင်ရွက်ပေးနိုင်ရန် တောင်းဆိုချက်တခုလည်းဖြစ်သည်။ လူ့အခွင့်အရေးကောင်စီမှ ယခု ကဲ့သို့သော ကျူးလွန်မှုများအပေါ် တိကျပြတ်သားသော အရေးယူဆောင်ရွက်မှုများ ပြုလုပ်လာစေရန် တိုက်တွန်းလုပ်ဆောင် နေပါသည်။

# အစီရင်ခံစာ အနှစ်ချုပ်

အကြမ်းဖက်စစ်အုပ်စု သည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် အသက် ၁၈ နှစ်မှ ၃၅ နှစ်ကြား အမျိုးသားများနှင့် အသက် ၁၈ နှစ်မှ ၂၇ နှစ်ကြားအမျိုးသမီးများ  အား စစ်မှုထမ်းရန် ပြဋ္ဌာန်း ထားသော ၂၀၁၀ ပြည်သူ့ စစ်မှုထမ်းဥပဒေအား တရားမဝင် အသက်ဝင်စေပြီး တိမ်းရှောင်ပါက ထောင်ဒဏ် ငါးနှစ်အထိ ချမှတ် နိုင်သော ဥပဒေအား ပြဋ္ဌာန်းခဲ့သည်။

ဤဥပဒေအောက်တွင် အဓမ္မတပ်သားသစ်စုဆောင်းခြင်းနှင့် ဆက်နွယ်နေသော ကျယ်ပြန့်သော အကျပ်ကိုင်မှု၊ အကြမ်းဖက်မှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဤအစီရင်ခံစာတွင် မှတ်တမ်းတင်ထားသည်။

အဓိကတွေ့ရှိချက်များမှာလည်း အောက်ပါအတိုင်း ဖြစ်သည်-

အတင်းအဓမ္မခေါ်ဆောင်သွားခြင်းနှင့် အကျပ်ကိုင်ခြင်း- အထူးသဖြင့် တိုင်းရင်းသားလူနည်းစုအသိုင်းအဝိုင်းမှ လူငယ်များသည် နေအိမ်များ၊ အလုပ်ခွင်များနှင့် စစ်တပ်စစ်ဆေးရေးဂိတ်များမှ အဓမ္မတပ်သားသစ်စုဆောင်းရန် အတင်းအကျပ်ခေါ်ဆောင်ခြင်း ခံရသည်။

ခြိမ်းခြောက်ငွေညှစ်ခြင်းနှင့် လာဘ်ပေးလာဘ်ယူမှု- မိသားစုဝင်များသည် ၎င်းတို့၏ဆွေမျိုးများကို စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရန် မဖြစ်မနေလာဘ်ထိုးလုပ်ဆောင်စေခြင်း ခံရသည်။

ပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုများ- တပ်သားသစ်စုဆောင်းမှုများသည် အဓမ္မလုပ်အားပေးခိုင်းစေမှု၊ စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာရမှုများနှင့် အချို့ကိစ္စများတွင် ကလေးစစ်သားစုဆောင်းမှုများနှင့်ပါ ရင်ဆိုင်နေရသည်။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ မှ ၂၀၂၅ ခုနှစ် အတွင်း လူပေါင်း ၁၄ သန်းကျော်သည် စစ်မှုထမ်းရန် အရည်အချင်းပြည့်မီသည်ဟု မှတ်ယူထားပြီး မှတ်တမ်းတင် ထားသော စစ်မှုထမ်းခေါ်ယူသည့်ဖြစ်စဉ်ပေါင်း ၈၈၆ မှ အနက် အတင်းအဓမ္မ ဖိအားပေးခေါ်ယူမှုမှာ ၅၆၀ မှ (၆၃%)ခန့် ရှိကြောင်း အမျိုးသား လူငယ်ကွန်ဂရက် (NYC) အချက်အလက်များအရ သိရသည်။

ဤအစီရင်ခံစာပြုစုနေစဉ်အတွင်း အတင်းအကြပ်တပ်သားသစ်စုဆောင်းရေး နည်းဗျူဟာများကို အမျိုးသားလူငယ်လူရွယ်များကို အဓိကရည်ရွယ် လုပ်ဆောင်နေသည်။ သို့သော်လည်း ယခုအချိန်တွင် အမျိုးသမီးများသည်လည်း စစ်မှုထမ်းရန် အရည်အချင်းပြည့်မီနေဟု အကြမ်းဖက် စစ်အုပ်စုက သတ်မှတ်ထားကာ ၎င်းတို့အားလည်း စစ်မှုထမ်းရန် အကြမ်းဖက် အတင်းအကြပ်လုပ်ဆောင်နေပြီး စစ်မြေပြင်အခြေအနေ ပိုမိုဆိုးရွားလာပါက အမျိုးသမီးများသည် နောက်ထပ်ပစ်မှတ် ဖြစ်လာလိမ့်မည်ဟု ခန့်မှန်းရပါသည်။

မြန်မာနိုင်ငံတွင် အတင်းအကြပ်စစ်မှုထမ်းစေခြင်းသည် နိုင်ငံတကာဥပဒေကို ချိုးဖောက်ရုံသာမကနိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ပိုမိုဆိုးရွားစေကာ နေရာရွှေ့ပြောင်းမှုနှင့် မတည်ငြိမ်မှုများကိုလည်း ဖြစ်ပေါ်စေသည်။ ဤအစီရင်ခံစာသည် မြန်မာနိုင်ငံ၏ခေတ်အဆက်ဆက်  ဥပဒေဘောင်အတွင်းမှ တွေ့ရှိချက်များကို ဆက်စပ်ဖော်ပြထားပြီး နိုင်ငံတကာမှအရေးကြီးသည့်အခြေအနေအဖြစ်ရှုမြင်ကာ ဝင်ရောက်ကူညီဆောင်ရွက်ရန်လည်း တောင်းဆိုထားပါသည်။

# နိဒါန်း

မြန်မာနိုင်ငံတွင် စစ်အုပ်ချုပ်ရေး၊ လူမျိုးရေးပဋိပက္ခများနှင့် ဒီမိုကရေစီ တိုက်ပွဲများ၏ ရှည်လျားသော သမိုင်းကြောင်းရှိခဲ့သည်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးချိန်မှစ၍ မြန်မာစစ်တပ်သည် နိုင်ငံရေးတွင် ဦးဆောင်မှု အဖြစ် ကြီးကြီးမားမား လွှမ်းမိုးနိုင်သည့် အခန်းကဏ္ဍကို ရယူခဲ့ပြီး နိုင်ငံတဝှမ်း တွင် လက်နက်ဖြင့် အာဏာရှင်ဆန်ဆန်စစ်အုပ်ချုပ်ရေး စနစ်ကျင့်သုံးကာ ဖိနှိပ်ချုပ်ချယ်သည့် လုပ်ရပ်များကို လုပ်ဆောင်ခဲ့သည်။ အတင်းအဓမ္မ စစ်မှုထမ်းစေခိုင်းခြင်းသည် ရိုဟင်ဂျာများနှင့် အခြားလူနည်းစုများကြားတွင် ကာလကြာရှည်စွာ ကျင့်သုံးခဲ့သည့် အလေ့အထဖြစ်ပြီး အထူးသဖြင့် ပြည်တွင်းရေးပဋိပက္ခနှင့် အတိုက်အခံများကို ဖိနှိပ်ရန်အတွက် စစ်ဘက်ဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများကို အသုံးပြုခဲ့သည်။

အမျိုးသားစစ်မှုထမ်းခြင်းဆိုင်ရာဥပဒေမူကြမ်းကို ၁၉၅၅ ခုနှစ်မှ စတင် နိဒါန်း ပျိုးခဲ့ပြီး အမျိုးမျိုးသော စစ်မှုထမ်းစေခိုင်းရန် ကြိုးပမ်းမှုများ လုပ်ဆောင်ခဲ့သည်။ ၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံကြီးအပြီးတွင်လည်း အရွယ်မရောက်သေးသူများအား အတင်းအကြပ်စစ်မှုထမ်းစေခိုင်းရန် စာရင်းသွင်း ခြင်းခံရသည့် သတင်းများနှင့်အတူ အဓမ္မလူသစ်စုဆောင်းခြင်းများ ကျယ်ပြန့်ခဲ့သည်။ ၂၀၁၀ ပြည်သူ့စစ်မှုထမ်းဥပဒေတွင် အသက် ၁၈ နှစ်မှ ၃၅ နှစ်ကြား အမျိုးသားများနှင့် အသက် ၁၈ နှစ် မှ ၂၇ နှစ်ကြား အမျိုးသမီးများအတွက် စစ်မှုထမ်းရန် မဖြစ်မနေ လိုအပ်သည်ဟု ပြဋ္ဌာန်းထားသည်။ သို့သော်လည်း လူထု၏ လက်ခံမှုနှင့် နိုင်ငံရေးအရ ထည့်သွင်းစဉ်းစားမှုများကြောင့် ၎င်းကို မကြာသေးမီအချိန်အထိ မကျင့်သုံးခဲ့ပါ။

## လက်ရှိတွင် အတင်းအဓမ္မ စစ်မှုထမ်းစေခိုင်းခြင်း

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် အကြမ်းဖက်စစ်အုပ်စု က အသက် ၁၈ နှစ်မှ ၃၅ နှစ်ကြား အမျိုးသားများနှင့် အသက် ၁၈ နှစ်မှ ၂၇ နှစ်ကြား အမျိုးသမီး လူငယ်များအတွက် စစ်မှုထမ်းခြင်းဆိုင်ရာဥပဒေအား ဥပဒေမဲ့အသက်သွင်း ခဲ့ပြီး တိမ်းရှောင်ပါက ထောင်ဒဏ်ငါးနှစ်အထိ ချမှတ်နိုင်သောဥပဒေအား ပြဋ္ဌာန်းခဲ့သည်။

ဤပြဋ္ဌာန်းထားမှုသည် ကြီးမားသော ကြောက်ရွံ့မှုနှင့် အစုလိုက်အပြုံလိုက် တိမ်းရှောင်ရန် ကြိုးပမ်းမှုများကို ဖြစ်ပေါ်စေခဲ့ပြီး ထောင်နှင့်ချီသော နိုင်ငံသားများသည် အိမ်နီးချင်းနိုင်ငံများ အထူးသဖြင့် ထိုင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ အဓမ္မလူသစ်စုဆောင်းခြင်းများတွင် အကျပ်ကိုင်ခြင်း၊ အတင်းအဓမ္မခေါ်ဆောင်ခြင်းနှင့် ခြိမ်းခြောက်ခြင်းများမှ တဆင့် လူသစ်စုဆောင်းခြင်းများကိုနေအိမ်များ၊ အလုပ်ခွင်များနှင့် စစ်တပ်စစ်ဆေးရေးဂိတ်များမှ တဆင့် အတင်းအကျပ်ခေါ်ဆောင်ခြင်းများဖြင့် တိုးမြှင့်လုပ်ဆောင်လာကြောင်း အစီရင်ခံစာများက ဖော်ပြနေသည်။ လူသစ်စုဆောင်းခြင်းခံရသူ အများစုကို ရှေ့တန်းသို့မပို့မီ စစ်ရေးလေ့ကျင့်မှု အနည်းငယ် သို့မဟုတ် စစ်ရေးလေ့ကျင့်မှု လုံးဝမပေးဘဲ စေလွှတ်လျက်ရှိသည်။

ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများသည် အဆိုပါလုပ်ရပ် များကို ရှုတ်ချခဲ့ပြီး ကလေးစစ်သားစုဆောင်းမှု၊ အဓမ္မလုပ်အားပေးခိုင်းစေမှုနှင့် အတင်းအဓမ္မ ခေါ်ဆောင်ခံရခြင်းအဖြစ် မှတ်တမ်းတင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် အတင်းအဓမ္မစေခိုင်းမှုများသည် လွတ်လပ်မှုနှင့်လုံခြုံရေး၊ အဓမ္မစေခိုင်းမှုတားမြစ်ရေးနှင့် ကလေးသူငယ်အခွင့်အရေးများ ကဲ့သို့သော အခြေခံလူ့အခွင့်အရေးများကို ချိုးဖောက်ရုံသာမက မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသော နေရာရွှေ့ပြောင်းမှုနှင့်

လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းများကို ပိုမိုဆိုးရွားစေပါသည်။

ဤအစီရင်ခံစာသည် အတင်းအဓမ္မစစ်သားစုဆောင်းမှု၏ မူဝါဒယန္တရားများ၊ လူတဦးချင်းစီ နှင့် လူ့အဖွဲ့အစည်းများအပေါ် ၎င်း၏အကျိုးသက်ရောက်မှု၊ ထင်ရှားသော တရားဥပဒေနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ သက်ရောက်မှုများကို ဆန်းစစ်ထားသည်။ ထို့ပြင် အကြမ်းဖက်စစ်အုပ်စု၏ ချိုးဖောက်မှုများကို ဖော်ပြခြင်းဖြင့် အကြမ်းဖက်စစ်တပ်အား ၎င်းတို့ လုပ်ရပ်များကို တာဝန်ခံမှုနှင့် နိုင်ငံတကာကြိုးပမ်းမှုများတွင် အရေးပေါ်မူဝါဒ ဆိုင်ရာကြားဝင် ဆောင်ရွက်ပေးမှုများကို ထောက်ပံ့အားပေး နိုင်ရန် ရည်ရွယ်ပါသည်။

# အစီရင်ခံစာပြုစုရာတွင်အသုံးပြုသည့် သုတေသန နည်းနာများ

စစ်အင်အားသုံး၍ အတင်းအကြပ် စစ်မှုထမ်းစေခြင်း၊ တပ်သားသစ် စုဆောင်းမှု၊ လေ့ကျင့်မှု၊ ရှေ့တန်းအတွေ့အကြုံများနှင့် ဒီမိုကရေစီလိုလားသော တော်လှန်ရေး အင်အားစုများထံမှ လွတ်မြောက်ရေး ခရီးများအကြောင်း ကိုယ်တွေ့မှတ်တမ်းများ စုဆောင်းရန်အတွက် အရည်အသွေး ကောင်းမွန်သော အင်တာဗျူးများ ပြုလုပ်နိုင်ရေးကို လုပ်ဆောင်ခဲ့သည်။ အင်တာဗျူး အားလုံးကို Zoom အွန်လိုင်းမှတစ်ဆင့် မြန်မာဘာသာဖြင့် ပြုလုပ်ခဲ့ပြီးအထူးသဖြင့် ထိလွယ်ရှလွယ်သဘောသဘာဝကြောင့် လုံခြုံပြီးစိတ်ချမှုရှိသော နေရာမှ ပါဝင်သူများအား ပါဝင်ခွင့်ပြုသည်။ ထိုနည်းစနစ်ဖြင့် အချက်အလက် ယုံကြည်စိတ်ချရမှုနှင့် ကျင့်ဝတ်စံနှုန်းများကို လိုက်နာမှုသေချာစေရန် ပြုလုပ်ထားပြီး ပါဝင်သူများအား ၎င်းတို့၏အမှန်တကယ် အတွေ့အကြုံ များကို မျှဝေရန်နှင့် မေးခွန်းများပြန်လည်မေးမြန်းရန် ကိုလည်းခွင့်ပြုခဲ့သည်။

## အင်တာဗျူးလုပ်ငန်းစဉ်

အဆိုပါ အင်တာဗျူးတွေ့ဆုံမေးမြန်းမှုများကို လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် အလုပ်သမား ဝန်ကြီးဌာနတို့ ပူးပေါင်း၍ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ စုစုပေါင်း ၃၁ ဦးကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။ လူတွေ့မေးမြန်းမှု လုပ်ငန်းစဉ်တွင် ကြိုတင်ပြင်ဆင်မှု၊ အင်တာဗျူးများလုပ်ဆောင်ခြင်းနှင့် ကျင့်ဝတ်စည်းကမ်းဆိုင်ရာ စိုးရိမ်မှုများကို ကိုင်တွယ် ဖြေရှင်းခြင်းစသည့် အဓိကအဆင့်သုံးဆင့်ကို လုပ်ဆောင်ခဲ့သည်။ အဓိကအကြောင်းအရာများနှင့်ပတ်သက်၍ ဆွေးနွေးမှုများ ကို လုပ်ဆောင်ရန် အတွက် အင်တာဗျူးလမ်းညွှန်ကို ရေးဆွဲခဲ့ပါသည်။

၁။ စစ်သားစုဆောင်းရေးလုပ်ငန်းစဉ် – ဆန္ဒအလျောက် စစ်မှုထမ်းခြင်း သို့မဟုတ် အကျပ်ကိုင်ခြင်း ၊ ရွေးချယ်ခြင်းအတွက် အသုံးပြုသည့် စံနှုန်းများ၊ ၎င်းတို့၏ တပ်သားစုဆောင်းမှုအပေါ် သက်ရောက်မှုရှိသော ကိုယ်ရေးကိုယ်တာ အခြေအနေများ နှင့် စစ်မှုထမ်းဘဝတွင် ပါဝင်သူများ မည်ကဲ့သို့ ပြီးဆုံးခဲ့သည်ကို မေးခွန်းများ မေးမြန်းခဲ့သည်။

၂။ စစ်ရေးလေ့ကျင့်ရေးစနစ် – စစ်ရေးလေ့ကျင့်မှုအတွင်း ကြုံတွေ့ရသည့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ စိန်ခေါ်မှုများကို ဆန်းစစ်ခြင်း အကဲဖြတ်ခြင်း။

၃။ ရှေ့တန်းတိုက်ခိုက်ရေးအတွေ့အကြုံ- စစ်ရေးတိုက်ခိုက်ရေး အတွေ့အကြုံများ၊ အဖွဲ့အစည်းညီညွတ်မှုနှင့် တပ်သားများ ကြား အလုံးစုံသော စည်းကမ်းကို ဆန်းစစ်ခြင်း၊ အကဲဖြတ်ခြင်း။

၄။ လွတ်မြောက်ရေးဇာတ်ကြောင်း - စစ်တပ်မှ ထွက်ပြေးရန်အတွက် စေ့ဆော်မှုနှင့် တော်လှန်ရေးအင်အားစုများထံ ခိုလှုံခြင်း ဆိုင်ရာ စိန်ခေါ်မှုများကို နားလည် သဘောပေါက်ခြင်း။

## ကျင့်ဝတ်ဆိုင်ရာ ထည့်သွင်းစဉ်းစား သုံးသပ်ခြင်း နှင့် ကန့်သတ်ချက်များ

ကျင့်ဝတ်ဆိုင်ရာအခြေခံမှုများကို ဦးစားပေးလုပ်ဆောင်ခဲ့ပြီး ပါဝင်သူများသည် ၎င်းတို့၏အခွင့်အရေးများနှင့် ဆန္ဒအလျောက် ပါဝင်မှု သဘောသဘာဝများကို အသိပေးခြင်း ဆောင်ရွက်ခဲ့ပါသည်။ အင်တာဗျူးလုပ်ဆောင်ရာတွင် သဘောတူညီချက်ကို ရယူပြီး အရေးကြီးသောအကြောင်းအရာများကို ဆွေးနွေးသည့်အခါ အထူးဂရုစိုက်ခဲ့သည်။ အင်တာဗျူးတွင် ပါဝင်သူများသည် စိတ်အဆင်မပြေမှုကို ခံစားရပါက တွေ့ဆုံမေးမြန်းမှုများကို ခေတ္တရပ်ထားခြင်း သို့မဟုတ် လိုအပ်သလို ရပ်ဆိုင်းထားကာ ပံ့ပိုးကူညီမှုများကို လမ်းညွှန်ချက်များ အတိုင်းရယူခြင်းတို့ကို ဆောင်ရွက်ပေးပါသည်။

ဤသုတေသနတွင် ကန့်သတ်ချက်များရှိခဲ့ပြီး ၎င်းတို့အနက်မှ တစ်ခုမှာ လုံခြုံရေးအန္တရာယ်များကြောင့် ထွက်ပြေးသူများကို ဖော်ထုတ်ရာတွင် အခက်အခဲများရှိခြင်း၊ ထိခိုက်ဒဏ်ရာကြောင့် ပြန်လည်မှတ်မိသမျှ မျှဝေရာတွင် အဆက်အစပ်မမိမှုများနှင့် အွန်လိုင်း အင်တာဗျူးများနှင့် ဆက်စပ်သည့် နည်းပညာဆိုင်ရာ စိန်ခေါ်မှုများ ဖြစ်ပေါ်ခြင်းတို့ဖြစ်သည်။ ထိုအခက်အခဲများ ရှိသော်လည်း ဤသုတေသနသည် ပါဝင်သူများ၏ အတွေ့အကြုံများကို တိကျမှန်ကန်စွာနှင့် လေးစားမှုရှိစွာ ဖော်ပြနိုင်ရန် ကြိုးပမ်းခဲ့သည်။

# စစ်မှုထမ်းခေါ်ယူမှုဆိုင်ရာ နည်းလမ်းများနှင့် နည်းစနစ်

အကြမ်းဖက်စစ်အုပ်စုက အတင်းအဓမ္မစစ်သားစုဆောင်းခြင်းကို စနစ်တကျ လူမဆန်စွာ ဖမ်းဆီးခြင်းနှင့် အကြမ်းဖက် ခြိမ်းခြောက်မှုများဖြင့် လုပ်ဆောင် လာသည်။ မေးမြန်းချက်များနှင့် စုဆောင်းထားသော သက်သေ အထောက်အထားများအရ မတရားဖမ်းဆီးခံရခြင်း၊ လှည့်ဖြားခြင်း၊ ငွေညှစ်ခြင်းနှင့် တရားမဝင်စစ်သားစုဆောင်းမှုကို တရားဝင်ကြောင်းပြသရန် စာရွက်စာတမ်းများကို အတင်းအကြပ် လက်မှတ်ရေးထိုးခြင်းတို့ ကဲ့သို့သော လုပ်ငန်းစဉ်များကို တွေ့ရှိနိုင်သည်။

“ ညအချိန်မှာ အသွင်ယူထားတဲ့တက္ကစီဒရိုင်ဘာက အတင်းအကြပ် ဖမ်းဆီးပြီး ဒဂုံးကုန်း စစ်သား စုဆောင်းရေးဌာနကို ခေါ်သွားခဲ့ပါတယ်။ ထွက်ပြေးဖို့ ကြိုးစားမယ်ဆိုရင် သတ်ပစ်မယ်လို့လည်း ခြိမ်းခြောက်ခံခဲ့ရပါတယ်။”

စစ်မှုထမ်းခေါ်ယူခံရသူများသည် ၎င်းတို့၏ နေအိမ်များ၊ လုပ်ငန်းခွင် များနှင့် ပညာသင်ကြားနေသည့် အဝန်းအဝိုင်းမှပင်လျှင် အတင်းအကျပ် ခေါ်ဆောင်ခြင်းခံရကြောင်း ဖြေဆိုကြသည်။

“ကျွန်တော့်ဆန္ဒကိုဆန့်ကျင်ပြီး အတင်းအဓမ္မဖမ်းပြီး စစ်ကြောရေးစခန်းကိုခေါ်သွားတယ်။ အလုပ်ပြီးလို့ အိမ်ပြန်လမ်းလျှောက် နေတုန်း ဖမ်းပြီး ရိုက်နှက်တာ၊ ခြေထောက်တွေကို ကြိုးနဲ့ချည်ပြီး စစ်စခန်းမပြောင်းမချင်း သိုးခြားခွဲထားတာတွေ” လုပ်ပါတယ်။

ရဲနှင့် စစ်သားများသည် မတရား အကြောင်းပြချက်များပေးကာ မကြာခဏ အရပ်ဝတ်ဖြင့် စီးနင်းဖမ်းဆီးမှုများ ပြုလုပ်ကြသည်။ ထိုအခါ လူအချို့ကို လုပ်ကြံဖန်တီးထားသည့် စွဲချက်အမှုများ သို့မဟုတ် ဂိတ်ဖြတ်ခပေးရန် ပျက်ကွက်ခြင်း ကဲ့သို့သော အုပ်ချုပ်ရေးဆိုင်ရာ ပြစ်ဒဏ်များကို အသုံးချ၍ ထောင်ချောက်ဆင်ဖမ်းဆီးကြသည်။

“စစ်မှုမထမ်းရင် ထောင်ဒဏ် နှစ်နှစ်အထိ ချမှတ်ခံရမယ်လို့ အုပ်ချုပ်ရေး မှူးနဲ့ ပျူစောထီး အဖွဲ့ဝင်တွေက ပြောပါတယ်။”

အခါအားလျော်စွာ ဖမ်းဆီးခံထားရသူအကျဉ်းသားများသည် အသေးအမွှားအလုပ်များကို လုပ်ဆောင်ပြီးနောက် ပြန်လွှတ်ပေး၊ ဖြေလျော့ပေးမည်ဟုဆိုကာ ကတိပေးပြီးသော်လည်း နောက်တစ်ကြိမ်ပြန်လည်ဖမ်းဆီးခံရခြင်းများ ခံခဲ့ရသည်။

ဖမ်းဆီးခံရသူအများစုကလည်း ၎င်းတို့လွတ်မြောက်ရေးအတွက် အဆမတန် ငွေပမာဏများကို အတင်းအကြပ် ပေးဆောင်စေသည့် ငွေညှစ်ခြိမ်းခြောက်မှု အခြေအနေများကို ကြုံတွေ့ခဲ့ကြောင်း ဖော်ပြခဲ့ကြသည်။ ငွေမပေးနိုင်သူ သို့မဟုတ် ငွေမပေး သူများကို အတင်းအကြပ် စစ်သားအဖြစ် ခေါ်ယူခြင်း ခံခဲ့ရသည်။ ထို့ပြင် အစီရင်ခံစာအချို့အရ အိမ်နီးချင်း ထိုင်းနိုင်ငံမှ ပြည်နှင်ဒဏ်ပေးခံရသော ရွှေ့ပြောင်းအလုပ်သမားအချို့ကို စစ်အုပ်စုထံ လွှဲပြောင်းပေးခဲ့ပြီးကြောင်း ဖော်ပြထားသည်။ ပြည်တွင်းပြန်သောရွှေ့ပြောင်းလုပ်သားများအကြားတွင်လည်း အတင်းအကြပ် ပြန်ပို့ခံရခြင်းများကြောင့် စိုးရိမ်မှုများမြင့်တက် လာကြောင်း ဖော်ပြသည်။

“၂၀၂၄ ခုနှစ်၊ ဩဂုတ်လမှာ ထိုင်းရဲတပ်ဖွဲ့က လူငယ် ၂၅ ယောက်အပါအဝင် ကျွန်တော်တို့ကို ကော့သောင်းက အာဏာပိုင်များထံ လွှဲပြောင်းပေးခဲ့ကြပါတယ်။ အဲဒီမှာ အရာရှိကြီးတွေနဲ့ တပ်ဖွဲ့ဝင်တွေ လက်နက်အပြည့်အစုံ စစ်သားတွေ အပါအဝင် တပ်ဖွဲ့တစ်ခုအောက်မှာ ကျွန်တော်တို့ကို ဖမ်းချုပ်လိုက်တယ်။ ကော့သောင်းဆိပ်ကမ်းကနေ ကော့သောင်းမြို့နယ် တပ်ဖွဲ့ တပ်ရင်း (၂၆၂) ဆီသို့ တင်ဆောင်သွားပြီး တပ်ရင်းရဲ့တင်းကြပ်စွာ ကြပ်မတ်ကွပ်ကဲမှုအောက်မှာ ထိန်းသိမ်းခံခဲ့ကြရပါတယ်။”

ဖမ်းဆီးခံရသူများ၏ ထွက်ဆိုချက်များတွင် ထပ်တလဲလဲ ဖော်ပြနေသော အရာတစ်ခုမှာ ဖိအားဖြင့် အတင်းအဓမ္မ စာရွက်စာတမ်းများအား လက်မှတ်ရေးထိုးစေခြင်းဖြစ်သည်။ ထိုစာချုပ်များအနက်တွင် စစ်မှုထမ်းပြီးချိန်တွင် နိုင်ငံသားအခွင့်အရေးများ သို့မဟုတ် အလုပ် လုပ်ကိုင်ခွင့်များ ရရှိမည်ဟု မမှန်ကန်သော ကတိပြုထားသည့် မရှင်းလင်းသောစာချုပ်များလည်း ပါဝင်သည်။ ထိုစာချုပ်များကို ခြိမ်းခြောက်မှုများ၊ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် စိတ်ပိုင်းဆိုင်ရာ ခြိမ်းခြောက်ခြင်းများ အကြားရေးထိုးခဲ့ကြပြီး ဖိအားပေးကာ ရှင်းလင်းပြောကြားမှုများမရှိဘဲ လက်မှတ်ရေးထိုးစေခဲ့ကြသည်။ ထိုကဲ့သို့ စစ်သားခေါ်ယူခြင်းသည် သာမန်ရွေးချယ်ခွင့်မရှိဘဲ အတင်းအကြပ် ဖြစ်စေကြောင်းဖော်ပြနေသည်။

“ကျွန်တော့်ဆန္ဒမရှိဘဲ နှစ်နှစ်တာ စစ်မှုထမ်းစာချုပ်ကို လက်မှတ်ရေးထိုး စေခဲ့ပါတယ်။ စာချုပ်ထဲမှာ ဘာပါလဲဆိုတာတောင် ကျွန်တော် မသိခဲ့ပါ”။

# လေ့ကျင့်ရေးစခန်းအတွေ့အကြုံများ

အတင်းအဓမ္မ အကြမ်းဖက်ကာ ဖမ်းဆီးပြီး စစ်ကြောရေးသို့ခေါ်ဆောင်ခံရသူများကို လေ့ကျင့်ရေးစခန်းများသို့ လွှဲပြောင်းကြသည်။ ထိုနေရာတွင် ကြမ်းတမ်းသော အခြေအနေများ၊ စနစ်တကျအနိုင်ကျင့်မှုများနှင့် အတင်းအကြပ် ဖိအားပေးထိန်းချုပ်မှုများကို ခံခဲ့ရသည်။

"လေ့ကျင့်ရေးကာလအတွင်း ထိတ်လန့်ဖွယ်စည်းကမ်းတွေကို တင်းကျပ်စွာ ချမှတ်ထည့်သွင်းခဲ့ပြီးတော့ ပြင်းထန်တဲ့ နေပူအောက်တွင်ထိုင်ခိုင်းတာ၊ အဝတ်အစား၊ ဖုန်းနှင့်ပိုက်ဆံများသိမ်းဆည်းတာ၊ အစာရေစာပြတ်တောက်တာတွေကို ခံခဲ့ရတယ်" ဟု ပြောကြသည်။

လေ့ကျင့်ရေးစခန်းများတွင် လူအများအပြားကို သိပ်သည်းစွာ ထားရှိထားခြင်း၊ လုံလောက်သောအရင်းအမြစ်များ မရှိခြင်းနှင့် သန့်ရှင်းမှုမရှိသော အခြေအနေများကြောင့် ဆိုးရွားသော ကျန်းမာရေး အကျိုးဆက်များ ပြဿနာများစွာ ဖြစ်ပေါ်ခဲ့ပြီး တခါတရံတွင် စစ်မှုထမ်းနေစဉ် သေဆုံးမှုများပါ ဖြစ်ပွားခဲ့သည်။

"လေ့ကျင့်ရေး သင်တန်းသား ၃၀၀ ကျော်နှင့်အတူ ကျွန်ုပ်တို့သည် ပုလောမြို့က လေ့ကျင့်ရေးကျောင်းကို ရောက်ရှိခဲ့ပြီး ပုပ်သိုးသွားသော အစားအစာတွေကို စားသုံးရခြင်းကြောင့် ကျန်းမာရေးပြဿနာများ ကြုံတွေ့ခဲ့ရတယ်။ ဒီလို မကျန်းမာမှုတွေကြောင့် တချို့လည်း အသက်ဆုံးရှုံးခဲ့ကြရတယ်။ ဒဏ်ရာပြင်းထန်လူနာတွေကို ဆေးကုသမှုခံယူရန်အတွက် လွှဲပြောင်းပေးခဲ့ကြသော်လည်း ကုသလို့ မရသောရောဂါရှိသူတွေကိုတော့ ပစ်ခတ်သတ်ဖြတ်ခဲ့ ကြတယ်။"

စစ်အုပ်စုက အရွယ်ရောက်ပြီးသူများသာမက ကလေးများ၊ မကျန်းမာသူများနှင့် မသန်စွမ်းသူများ အပါအဝင် ထိခိုက်လွယ်သော လူအုပ်စုများကိုပါ စစ်သားစုဆောင်းခေါ်ယူခဲ့သည်။ "လေ့ကျင့်ရေးစခန်းမှာ လေ့ကျင့်ရေး တပ်သား စုစုပေါင်း ၇၀၀ ခန့်ရှိပြီး၊ ထိုထဲမှာ တီဘီရောဂါရှိသူတစ်ဦး၊ မူးယစ်ဆေးဝါးစွဲသူတစ်ဦး၊ ဆွံ့အသူတစ်ဦး၊ စိတ်ဝေဒနာရှင် ၁၀ ဦးနှင့် အသက်မပြည့်သေးသည့် ကလေးသူငယ်များ ၁၀ဦး ခန့် ပါဝင်ခဲ့ကြတယ်။"

အင်တာဗျူးတချို့အရ အသက်မပြည့်သေးသူများအတွက် မှတ်ပုံတင်အတုများကို အသုံးပြု၍ စာရင်းသွင်းခြင်းများ ပြုလုပ်ကြောင်း ဖော်ပြထားသည်။

"အသက် ၁၈ မပြည့်သေးတဲ့ အရွယ်မရောက်သေးသူ တွေကို မှတ်ပုံတင်အတုတွေနဲ့ စာရင်းသွင်းထားပြီး စစ်သင်တန်းသို့ ထည့်သွင်းခဲ့တယ် စာရင်းသွင်းတဲ့ဖောင်တွေကို G-1 က ဌာနဆိုင်ရာတာဝန်ရှိသူများရဲ့ အနီးကပ်ညွှန်ကြားမှုနှင့် ကြီးကြပ်မှုအောက်မှာ ဖြည့်သွင်းခဲ့တယ်။ သူတို့ကို အရွယ်ရောက်ပြီး သူများနှင့်အတူ လေ့ကျင့် စေခဲ့သည်။"

လေ့ကျင့်ရေးအစီအစဉ်သည် ပြင်းထန်ပြီး လက်နက်ကိုင်ဆောင်နည်း၊ တိုက်ခိုက်ရေးနည်းဗျူဟာများ၊ ခံတပ်များ ခိုင်မာစွာ တည်ဆောက်ခြင်း၊ မိုင်းတပ်ဖြန့်ကျက်ခြင်းနှင့် ဒရုန်းစစ်ဆင်ရေးများပါဝင်သည်။ လေ့ကျင့်ရေးတပ်သားများကို သေးငယ်သော

စည်းကမ်း ချိုးဖောက်မှုများ သို့မဟုတ် လွတ်မြောက်ရန် ကြိုးပမ်းမှုများအတွက် အလွန်ပြင်းထန်သော ရုပ်ပိုင်းဆိုင်ရာ ပြစ်ဒဏ်များ ချမှတ်ခံခဲ့ရသည်။ ဤပြစ်ဒဏ်များတွင် ရိုက်နှက်ခြင်း၊ အချိန်ကြာမြင့်စွာ တံခါးပိတ်ခံရခြင်း၊ ပြင်းထန်သော ရာသီဥတုများထဲတွင် ထားရှိခြင်း၊ အဓမ္မ လုပ်အားပေးခိုင်းစေခြင်းပါဝင်ပြီး အပြင်းထန်ဆုံးအခြေအနေများတွင် ပစ်ခတ် သတ်ဖြတ်၍ ကွပ်မျက်ခြင်း အစရှိသည်တို့ ဖြစ်ပွားခဲ့သည်။

"ကျွန်တော့်ကို အတင်းအကြပ် စစ်မှုထမ်းခေါ်ယူခြင်းအပေါ် မကျေမနပ်ဖြစ်ပြီး ဒီအခြေအနေနဲ့ ပတ်သက်ပြီး သူငယ်ချင်းကို ရင်ဖွင့်ခဲ့ပါတယ်။ ဒီအကြောင်းကို အာဏာပိုင်တွေက သိရှိသွားပြီးတော့ သူတို့က ကျွန်တော့်ကို ရိုက်နှက်ပြီး နှစ်လတာ တစ်ဦးတည်း တိုက်ပိတ်အကျဉ်းချပြီး ပြစ်ဒဏ်ချမှတ်ခဲ့ ပါတယ်။"

အကြမ်းဖက်မှုနှင့် အတင်းအဓမ္မခိုင်းစေမှုများအပေါ် သက်သေအဖြစ် များစွာသော ဖော်ပြချက်များရှိပြီး မူးယစ်ရမ်းကားသော အရာရှိများမှ စိတ်ထဲရှိသကဲ့သို့ ပြစ်ဒဏ်ချမှတ်ခြင်း၊ လူအများအပေါ် လှောင်ပြောင်မှုများ၊ အဖွဲ့လိုက် ပြစ်ဒဏ်အဖြစ် စည်းကမ်း ချိုးဖောက် သူများကို အခန်းဖော်များက အချင်းချင်းထိုးနှက်ရန် လုပ်ဆောင်ခြင်းတို့ကို ကြုံတွေ့ရကြောင်း ဖော်ပြ ထားသည်။ ထိုအဖြစ်များသည် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုနှင့် ကြောက်ရွံ့မှု များအား ပိုမိုဆိုးဝါးစေသည့် အခြေအနေကို ဖြစ်ပေါ်စေခဲ့သည်။ "ထွက်ပြေးဖို့ ကြိုးစားသူ တွေကို ချက်ချင်း ခေါင်းရိတ်၊ ရိုက်နှက်တဲ့အပြင် ပြင်းထန်တဲ့ နေပူအောက်မှာ ချုပ်နှောင်ထားတယ်။ လေ့ကျင့်ရေးအတွင်း ရန်ဖြစ်တဲ့အခါ တပ်စုတစုလုံးက အဖွဲ့လိုက်ပြစ်ဒဏ်အနေနဲ့ ထိုးနှက်ခြင်းခံခဲ့ ရတယ်" ဟု ဆိုသည်။

လေ့ကျင့်ရေးသင်တန်းသားများသည် ပြင်းထန်သည့်ပြစ်ဒဏ်များနှင့် ပစ်ခတ် သတ်ဖြတ်မှုများကို မကြာခဏကြုံတွေ့ခဲ့ရပြီး ထိုသို့သော အပြုအမူများသည် ကြောက်ရွံ့စေမှုနှင့်အတူ အကြမ်းဖက်မှုများကို လိုက်နာစေရန် ပြုမူခြင်းများ ဖြစ်သည်။

"လေ့ကျင့်ရေးကျောင်းမှ ထွက်ပြေးရန် ကြိုးစားသူများရှိခဲ့ပြီး ဒီလိုကြိုးစား သူတွေထဲမှ အယောက် ၂၀ ခန့်မှာ မြေမြှုပ်မိုင်းမိ၍ သေဆုံးခဲ့ကြသည်။ ပြန်လည်ဖမ်းဆီးခံရသူတွေကိုလည်း ချက်ချင်းပစ်သတ်ခဲ့ကြတယ်။"

# ရှေ့တန်းစစ်မျက်နှာ အတွေ့အကြုံများ

စစ်ရေးအခြေခံနှင့် လုံလောက်မှုမရှိသော လေ့ကျင့်မှုအနည်းငယ်ကိုသာပေးအပ်ခဲ့ပြီး စစ်မှုထမ်းလေ့ကျင့်ရေး သင်တန်းဆင်းများအား ချက်ချင်းပင် တိုက်ပွဲဖြစ်ပွားနေသည့် စစ်မြေပြင်များ၊ စစ်စခန်းများသို့ စေလွှတ်ခြင်းခံရပြီး ပြင်းထန်သော အန္တရာယ်များနှင့် တဖက်လက်နက်ကိုင်များကြားတွင် တာဝန်ထမ်းဆောင်ရသည်။

"ကျွန်တော်လုပ်ရတဲ့တာဝန်တွေကတော့ ယာဉ်တန်းတွေအတွက် လမ်းတွေ ရှင်းလင်းတာ၊ မြေမြှုပ်မိုင်းတွေ ဖယ်ရှားတာ၊ နှစ်ရက်ခြား တစ်ကြိမ် ကင်းစခန်း ချတဲ့ တိုက်ခိုက်ရေး၊ စစ်ဆင်ရေးတွေ လုပ်ဆောင်တာတွေ ပါဝင်ပါတယ်။"

အင်တာဗျူးဖြေဆိုသူများအဆိုအရ စစ်သင်တန်းသားများအား ရှေ့တန်းစစ်တိုက်စေခြင်း၊ ထိန်းချုပ်ရေးစခန်းများတွင် လုံခြုံရေးတာဝန် ထမ်းဆောင်ခြင်း၊ အခွန်ကောက်ခြင်း၊ စစ်ဘက်ဆိုင်ရာအင်အားမြှင့်တင်ရေး အတွက် စစ်ဘက် ခံတပ်များ ဆောက်လုပ်ရာတွင် အတင်းအကြပ်အလုပ် လုပ်ခိုင်းခြင်း၊ ပြည်သူပိုင်နေအိမ်များဖျက်ဆီးရေးတွင် ပါဝင်အလုပ်လုပ်စေခြင်း ကဲ့သို့သော အန္တရာယ်အထွတ်အထိပ်ရှိသော စစ်ရေးတာဝန် များကို ချမှတ်ခံခဲ့ကြရ သည်ဟု ဖော်ပြကြသည်။

"တာဝန်ထမ်းဆောင်ချိန် တာဝန်မကျေပွန်တဲ့ သင်တန်းသားတွေရဲ့မျက်နှာကို လက်သီးနဲ့ထိုးခြင်း၊ အပြင်းအထန် လေ့ကျင့်ခိုင်းခြင်း၊ စော်ကားခြင်းနှင့် နှုတ်ဖြင့်ရိုင်းစိုင်းစွာ ပြောဆိုပြုမူခြင်းတို့ကိုပြုလုပ်ခဲ့တယ်။ တချို့သင်တန်းသားတွေကိုလည်း လုံချည် အတွင်းပိုင်းသာကျန်အောင် ချွတ်ခိုင်းပြီး ရေစိမ်ကာ ငှက်ပျောရွက်နဲ့ ရိုက်နှက်ပြီးတော့ ပြစ်ဒဏ်ပေးတာတွေလည်း ရှိခဲ့တယ်"

သက်သေအဖြစ်ဖော်ပြချက်များအရ အတင်းအဓမ္မ စစ်မှုထမ်းခံရသူများကို ပြည်သူ့ နေအိမ်များကိုမီးရှို့စေခြင်း၊ ဒေသဆိုင်ရာ အရင်းအမြစ်များကို သိမ်းယူခြင်းနှင့် တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍သော်လည်းကောင်း စစ်ရာဇဝတ်မှုများ ဖြစ်စေနိုင် သည့် လုပ်ရှားမှုများတွင် ပါဝင်ရန် ဖိအားပေး စေခိုင်းခံရကြောင်းဖော်ပြထားသည်။

"အရပ်သားသယ်ယူလာတဲ့ ဓာတ်ဆီတိုင်ကီများကို သိမ်းယူရန် တာဝန်ပေးခံခဲ့ရသည်။ ကျွန်တော်တို့ ဆန္ဒမပါပဲ ဒေသခံများ ထံမှ ပဲနှင့် စပါးများကို တောင်းယူခဲ့ရတယ်။"

လုံလောက်သော အစားအသောက်ရိက္ခာများ၊ စစ်အင်္ကျီ အထည်ယူနီဖောင်းများနှင့် အခြေခံအထောက်အပံ့များ မရရှိခြင်းကြောင့် အတင်းအဓမ္မ စစ်မှုထမ်းခြင်းခံရသူများသည် ပြင်းထန်သောဒုက္ခကြုံတွေ့ရမှုများ၊ အစာမလုံလောက်မှုနှင့် ရာသီဥတု ကြမ်းတမ်းမှုဒဏ်များကို ရင်ဆိုင်ခဲ့ရသည်။ လူအများအပြားက တောထဲရှိ သစ်သီးသစ်ဖုများနှင့် ထမင်းအနည်းငယ်ကို စားသုံးခြင်းဖြင့် မိမိဘဝ အသက် ရှင်သန်ရန် နေကြရသည်ဟု ပြောကြသည်။

"ထမင်းနည်းနည်းရဖို့ကို ခက်ခက်ခဲခဲ ကြိုးစားပြီးစားခဲ့ရတယ်။ ဆန်ကုန် သွားတဲ့အခါ အစာငတ်ပြေဖို့အတွက် ထန်းပင်အမြစ် တွေလို အသီးအနှံတွေကို စားပြီး အသက်ဆက်ခဲ့ရတယ်"

အတင်းအဓမ္မစစ်မှုထမ်းခြင်းခံရသူများကို စိတ်ပိုင်းနှင့် ကိုယ်ပိုင်းဆိုင်ရာ ဖိအားပြင်းထန်သည့် အခြေအနေမျိုးစုံကို ကြုံတွေ့ခဲ့ရသည်။ ထိုကဲ့သို့ စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာ ဖိနှိပ်မှုများကိုပြုလုပ်ရာတွင် ပြည်သူများကို အတင်းအကြပ် အဓမ္မနှင်ထုတ်ခြင်း၊ သတ်ဖြတ်ခြင်း၊ မီးရှို့ခြင်းများစွာကို ပါဝင်ခိုင်းခံရခြင်းများပါဝင်သည်။ ထိုအတွေ့အကြုံများသည် အတင်းအဓမ္မ စစ်မှုထမ်းခြင်းခံရသူများ၏ စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာများကို ပိုမိုဖြစ်ပေါ်စေ သကဲ့သို့ တပ်မှလွတ်မြောက်ရန် ဆုံးဖြတ်မှုများ ပြုလုပ်ခြင်းတွင် အထောက်အကူ ဖြစ်စေ သည်။

"အကြမ်းဖက်စစ်တပ်က အရပ်သားတွေရဲ့ နေအိမ်တွေဆီကနေ သယ်ယူနိုင်သမျှ ပစ္စည်းများကို သိမ်းယူခြင်း၊ မီးရှို့ခြင်း၊ လက်နက်ကြီးတွေနဲ့ ပစ်ခတ်ခြင်းနှင့် အမျိုးသမီးများကို သတ်ဖြတ်ခြင်းတို့ကို မျက်မြင်တွေ့ခဲ့ ရတယ်" ဟု ဆိုသည်။

# လူငယ်များအား အတင်းအဓမ္မ စစ်မှုထမ်းခေါ်ယူမှု၏ သက်ရောက်မှု

မြန်မာ့စစ်တပ်သို့ အတင်းအဓမ္မ စစ်မှုထမ်းရန်စုဆောင်းခံရခြင်း၏ သက်ရောက်မှု အကျိုးဆက်များသည် ပြင်းထန်နေသည့် အပြင် ဘက်ပေါင်းစုံ သက်ရောက်စေပြီး ရေရှည်ဆိုးကျိုးသက်ရောက်စေနိုင်သော ဖြစ်စဉ်တခုဖြစ်သည်။

ရုပ်ပိုင်းဆိုင်ရာအနေဖြင့်ဆိုလျှင် အသက်ရှင်ကျန်ရစ်သူများသည် ပြင်းထန်သော နာတာရှည်ဒဏ်ရာများ၊ နာတာရှည်ဖျားနာမှုများ၊ ရက်စက်ကြမ်းကြုတ်သော လေ့ကျင့်ရေး အခြေအနေများနှင့် ရှေ့တန်းစစ်တိုက်မှုကြောင့် နာမကျန်းမှုများနှင့် မသန်စွမ်းမှုများ အမြဲတမ်း ကြုံတွေ့ခံစားရသည်။

စိတ်ပိုင်းဆိုင်ရာအနေနှင့်လည်း ထိုသူများသည် ပြင်းထန်သောစိတ်ဒဏ်ရာများ ကို ခံစားခဲ့ရပြီး စိတ်ဒဏ်ရာ နောက်ဆက်တွဲ စိတ်ဖိစီးမှုရောဂါ (PTSD)၊ စိတ်ဖိစီးမှုရောဂါများ၊ စိတ်ကျခြင်းနှင့် မိမိဘဝအပေါ် ယုံကြည်မှုနှင့် မျှော်လင့်ချက်တို့ ပျောက်ဆုံးခြင်းများအဖြစ် ဖြစ်ပေါ်ခံစားစေသည်။

ပညာရေးနှင့် အသက်မွေးဝမ်းကြောင်း ဖွံ့ဖြိုးတိုးတက်မှုအပေါ် သက်ရောက်မှုမှာ သိသိသာသာအလွန်ကြီးမားပြီး၊ အတင်းအဓမ္မစစ်မှုထမ်းခြင်း ခံရသူများအနက် အများစုမှာ မိမိဘဝအတွက် ရှိနေနိုင်သည့် အလားအလာများကို အမြဲတမ်းအတွက် ဆုံးရှုံးသွားခြင်းကြောင့် မျှော်လင့်ထားသည့် အနာဂတ်ကို ပြင်းပြင်းထန်ထန် ထိခိုက်စေသည်။

လူမှုရေးအရလည်း အသက်ရှင်ကျန်ရစ်သူများသည် စစ်တပ် စစ်ဆင်ရေးလှုပ်ရှားမှုများတွင် အတင်းအကြပ် ပါဝင်ခဲ့ရမှုကြောင့် လူ့အဖွဲ့အစည်းထဲတွင် စစ်အုပ်စုအဖွဲ့ဝင်အဖြစ် အမည်ခံရခြင်း၊ ပိုမိုဘေးဖယ်ထားခံရခြင်းများ စသည်ဖြင့် ပိုမိုခွဲခြားဆက်ဆံခြင်းများခံခဲ့ရသည်။ ထိုသို့ ခွဲခြားဆက်ဆံခံရခြင်းများကြောင့် အရပ်သားဘဝသို့ ပြန်လည်ဝင်ရောက်ရန်နှင့် လူ့အဖွဲ့အစည်း အသိုက်အဝန်း အတွင်း ပြန်လည် ပေါင်းသင်းဆက်ဆံရခြင်းကို ဆိုးရွားစွာ ခက်ခဲစေသည်။

ထိုအတွေ့အကြုံများ၏ စုစည်းသက်ရောက်မှုသည် တစ်ဦးချင်း လူပုဂ္ဂိုလ်များ သာမက မျိုးဆက်အဆက်ဆက် ချွတ်ယွင်းမှု ဆက်လက်ထိခိုက်စေသော စိတ်ဒဏ်ရာအဖြစ် ကျန်ရှိနိုင်ပြီး လူ့အသိုက်အဝန်း၏ သဟဇာတညီညွတ်မှုကို ပျက်စီးစေကာ ပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးတည်ဆောက်ရေးနှင့် ရေရှည်တည်တံ့ ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းအားထုတ်မှုများကို ထိခိုက်စေနိုင်သည်။

ထိုသို့သော ရေရှည်သက်ရောက်မှုများကို လျော့ပါးသက်သာ စေခြင်းနှင့် ပြန်လည်ထူထောင်ရေး၊ လူ့အသိုက်အဝန်းထဲသို့ ပြန်လည်ပေါင်းသင်းစေနိုင်ရေးအတွက် မရှိမဖြစ်လိုအပ်သော အထောက်အပံ့များပေးနိုင်ရန် အပြည့်ပြည့် ဆိုင်ရာအဖွဲ့အစည်းများ၏ အရေးပေါ်တုံ့ပြန်မှု တစ်ခုလိုအပ်လျက်ရှိသည်။

# လူ့အခွင့်အရေးဆိုင်ရာ ရှုထောင့်အမြင်

မြန်မာနိုင်ငံရှိ အတင်းအဓမ္မစစ်မှုထမ်းစေခြင်းသည် အခြေခံလူ့အခွင့်အရေးများကို ပြင်းပြင်းထန်ထန် ဖောက်ဖျက်မှုတခု ဖြစ်ပြီး ၎င်းသည် အပြည်ပြည်ဆိုင်ရာ ဥပဒေစံနှုန်းများနှင့် လူသားချင်းစာနာမှုဆိုင်ရာ အခြေခံမူသဘောတရား များ ကိုလည်း ဆန့်ကျင်ချိုးဖောက်ခြင်း ဖြစ်သည်။

ဤအကျင့်စရိုက်သည် တစ်ဦးချင်းစီ၏ ကိုယ်ပိုင် ဆုံးဖြတ်မှု အခွင့်အရေးကို ချွတ်ယွင်းစေပြီး အကျပ်ကိုင် ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်းဆိုင်ရာ ပြုမူမှုများနှင့် အကြမ်းဖက်မှုများ အောက်တွင် နေထိုင်စေသည်။

အတင်းအဓမ္မ စစ်မှုထမ်းခြင်းခံရသူများသည် ၎င်းတို့၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ဆုံးရှုံးပြီး ရက်စက်ပြင်းထန်သော စစ်ရေး အခြေအနေ များအောက်တွင် ထားရှိခံရကာ မကြာခဏ ရုပ်ပိုင်းအကြမ်းဖက်အနိုင်ကျင့်မှု၊ အတင်းအဓမ္မ လုပ်အားပေး ခိုင်းစေမှု နှင့် စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာများကို ခံစားနေခဲ့ရသည်။

## အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေဖောက်ဖျက်မှုများ

မြန်မာနိုင်ငံ၏ အတင်းအကြပ် စစ်မှုထမ်းခြင်းဆိုင်ရာ မူဝါဒ များသည် သက်ဆိုင်ရာနိုင်ငံက တရားဝင် လက်မှတ်ထိုးခြင်း ပြုခဲ့သည်ဖြစ်စေ၊ မပြုခဲ့သည်ဖြစ်စေ အကျုံးဝင်သည့် အပြည်ပြည်ဆိုင်ရာ ဥပဒေစံနှုန်းများနှင့် အလွန်များပြားစွာ ဆန့်ကျင်နေသည်။

- **အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း (UDHR)** တွင် ကျွန်ပြုခြင်းနှင့် အဓမ္မလုပ်အားပေးစေခိုင်းခြင်းကို တားမြစ်ထားပြီး (အပိုဒ် ၄) နှင့် လူတစ်ဦးချင်းစီအား မတရားဖမ်းဆီးချုပ်နှောင်ခြင်းမှ ကာကွယ်ပေးသည့် (အပိုဒ် ၉)— ဤအပိုဒ်များသည် မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသော အတင်းအဓမ္မစစ်မှုထမ်းရန် လူသစ်စုဆောင်းခြင်းနှင့် ဆက်စပ်နေသော ကျင့်ထုံးများဖြစ်သည်။

- **နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာပဋိညာဉ်စာချုပ် (ICCPR)** သည် စနစ်တကျ ကျွန်ပြုခြင်းနှင့် အဓမ္မ လုပ်အားပေးစေခိုင်းခြင်းကို တားမြစ် ထားသည် (အပိုဒ် ၈)။ မြန်မာနိုင်ငံသည် ICCPR ကို လက်မှတ် မထိုးထားသော်လည်း၊ ထိုစာချုပ် အပေါ်တွင် ပါရှိသည့် အကြောင်းအရာပြဋ္ဌာန်းချက်များသည် ဓလေ့ထုံးတမ်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာဥပဒေ တရပ်အဖြစ် အသိအမှတ်ပြုခံထားရပြီး အတည်ပြုလက်မှတ်ထိုးမှုမရှိခြင်းနှင့် မသက်ဆိုင်ဘဲ ဥပဒေအရ တရားဝင် အကျုံးဝင်သည်။

- **ကလေးသူငယ်များအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် (CRC)** နှင့် လက်နက်ကိုင်ပဋိပက္ခတွင် ကလေးသူငယ်များ ပါဝင်ပတ်သက်မှုဆိုင်ရာ ၎င်း၏ရွေးချယ်ခွင့် ဆိုင်ရာ ပရိုတိုကောကို မြန်မာနိုင်ငံက လက်မှတ်ရေးထိုး ထားပြီး လက်နက်ကိုင်ပဋိပက္ခများတွင် ကလေးသူငယ်များအား စစ်ရေးအတွက် အတင်းအကြပ်စုဆောင်းခြင်းနှင့် အသုံးချခြင်းကို အတိအလင်း တားမြစ်ထားသည်။ မြန်မာနိုင်ငံသည် ဤစာချုပ်နှစ်ခုလုံးကို လက်မှတ်ထိုးခဲ့သော်လည်း စစ်တပ်သည် ယခုချိန်ထိ မိမိဆန္ဒ မပါသော ကလေးသူငယ်များကို အတင်းအကြပ်စုဆောင်းမှုများ ဆက်လက် ဆောင်ရွက်နေသည်။

၎င်းကကလေးသူငယ်များအား လုပ်အား အမြတ်ထုတ်ခြင်း၊ တိုက်ပွဲဝင်စေခြင်းနှင့် စစ်ရေးအန္တရာယ်အပြင် တစ်သက်တာ စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာများ ကြုံတွေ့စေသည်။ [4]။

## နိုင်ငံတကာ ဓလေ့ထုံးတမ်းဥပဒေနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကာအကွယ်များ

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) မှ စံအဖြစ် သတ်မှတ်ပြဋ္ဌာန်း ထားသည့် ဓလေ့ထုံးတမ်းဆိုင်ရာ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု ဥပဒေ (IHL) သည် ပဋိညာဉ်စာချုပ်ဆိုင်ရာ တာဝန်ဝတ္တရားများထက် ကျော်လွန်သည့်တိုင် အရပ်သားနှင့် ကလေးများအား လက်နက်ကိုင်တပ်ဖွဲ့ထဲသို့ အတင်းအကြပ် စစ်သားစုဆောင်း ခြင်းကို တားမြစ်ထားသည်။

▪ ဓလေ့ထုံးတမ်းဆိုင်ရာ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL)၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ အပိုဒ် ၉၅ အရ၊ အတင်းအဓမ္မ စေခိုင်းခြင်း (forced labour) ကို အတိအလင်း တားမြစ်ထားပြီး၊ ထိုအထဲတွင် အတင်းအဓမ္မစစ်မှုထမ်းရန် လူသစ်စုဆောင်းခြင်းလည်း ပါဝင်သည်။

▪ ဓလေ့ထုံးတမ်းဆိုင်ရာ နိုင်ငံတကာ လူသားချင်းစာနာ ထောက်ထားမှုဥပဒေ (IHL) ၏  အပိုဒ် ၁၃၆ အရ၊ ကလေးသူငယ်များအား လက်နက်ကိုင်တပ်ဖွဲ့များ သို့မဟုတ် လက်နက်ကိုင်အစုအဖွဲ့များထံသို့ အတင်းအဓမ္မလူသစ် စုဆောင်းခြင်းမပြုရဟု ဖော်ပြထားသည်။

▪ ၁၉၄၉ ခုနှစ်  ဂျနီဗာစာချုပ်များ (Geneva Conventions) နှင့် ၎င်းနှင့် သက်ဆိုင်သည့် ညှိနှိုင်းစာချုပ်များ (Additional Protocols) တွင်လည်း တပ်ဖွဲ့များထံသို့ သိမ်းပိုက်ထားသော နယ်မြေဒေသများမှ အရပ်သားများ အပါအဝင် အကာအကွယ်ပေးထားသော ပုဂ္ဂိုလ်များအား အတင်းအကြပ် စာရင်းသွင်းခြင်းကို တားမြစ်ထားသည်။

ဤအထက်ဖော်ပြပါ နိုင်ငံတကာစံနှုန်းများမှာ ကောင်းမွန်စွာ ချမှတ်ထားပြီး ရှင်းလင်းပြတ်သားသည့် သဘောတရားများဖြစ်သော်လည်း စစ်အာဏာရှင်အစိုးရ၏ အတင်းအကြပ် စစ်မှုထမ်းစေခိုင်းခြင်း ဆိုင်ရာလုပ်ဆောင်ချက်များသည် နိုင်ငံတကာ လူသားချင်းစာနာမှုဥပဒေများကို ပြတ်ပြတ်သားသား ချိုးဖောက်နေခြင်းဖြစ်သည်။ ထိုကဲ့သို့သောအမှုအခင်းများသည် နိုင်ငံတကာ ဥပဒေရေးရာ တရားမျှတမှု လိုအပ်ချက်ကို ထပ်မံသက်သေပြနေသည်။

## နိုင်ငံတကာ ပြစ်တင်ရှုံ့ချခြင်းနှင့်  တရားဥပဒေအရ တာဝန်ခံမှု

ကုလသမဂ္ဂနှင့် လူ့အခွင့်အရေးအဖွဲ့အစည်းများသည် အကြမ်းဖက်စစ်တပ်၏ စစ်မှုထမ်းခြင်းဆိုင်ရာ ကျင့်ထုံး နည်းလမ်းများကို ကြိမ်ဖန်များစွာရှုတ်ချခဲ့ပြီး တာဝန်ခံမှုရှိရန်၊ အတင်းအကြပ် လူသစ်စုဆောင်းခြင်းကို ချက်ချင်း ရပ်တန့်ရန်နှင့် တာဝန်ယူမှု ရှိရန် တောင်းဆိုလာကြသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (ILO) သည် မြန်မာနိုင်ငံ၌ စနစ်တကျ အကြမ်းဖက် အဓမ္မလုပ်အားပေး ခိုင်းစေခြင်းနှင့် စစ်မှုထမ်းခြင်း ခေါ်ယူမှုများအပေါ် မှတ်တမ်းတင်ထားပြီး အရေးပေါ်ပြုပြင်ပြောင်းလဲမှုများနှင့် နိုင်ငံတကာ ကြီးကြပ်မှု လိုအပ်ကြောင်း တောင်းဆိုထားသည်။

နိုင်ငံတကာသဘောတူစာချုပ်များစွာအပေါ် လက်မှတ်ရေးထိုးထားသည့်နိုင်ငံ၊ သာမန်အပြည်ပြည်ဆိုင်ရာ ဥပဒေ ကျင့်သုံးမှု၌ ပါဝင်သည့် နိုင်ငံတရပ်အနေဖြင့် ဥပဒေဆိုင်ရာတာဝန်ဝတ္တရားများကို ရှောင်လွှဲ၍မရပေ။ နိုင်ငံတကာဥပဒေအောက်တွင် တာဝန်ယူမှုတာဝန်ခံမှု ရှိစေရေး သည် တရားမျှတမှု၊ ပြည်သူ့လုံခြုံမှုနှင့် အခြေခံ လူ့အခွင့်အရေးများကို ထိန်းသိမ်းပေးနိုင်ရန် အရေးကြီးသော အဆင့်တစ်ခုဖြစ်သည်။

# ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီအတွက် အကြံပြုချက်များ

## အကြမ်းဖက်စစ်အုပ်စု ပြစ်မှုကျူးလွန်သည့် အတင်းအကြပ် စစ်မှုထမ်းစေခိုင်းခြင်း ကိုတားဆီးရန် နိုင်ငံတကာ အရေးယူဆောင်ရွက်မှု အားကောင်းရန် လိုအပ်ခြင်း

မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသည့် အတင်းအကြပ်စစ်မှုထမ်းစေခိုင်းရန် လူသစ်စုဆောင်းနေမှု အနေအထားကိုကြည့်လျှင် နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် စစ်အာဏာရှင် အကြမ်းဖက်စစ်အုပ်စုအား တာဝန်ယူမှုရှိစေရန် အရေးတကြီး ညှိနှိုင်းဆောင်ရွက်သင့်သည်။ သံတမန်ဆိုင်ရာဖိအားပေးခြင်း၊ ပစ်မှတ်ထား ပိတ်ဆို့အရေးယူမှုများနှင့် ဥပဒေအရ တင်းကြပ်သည့် လုပ်ထုံးလုပ်နည်းများအား ခိုင်မာစွာထောက်ပံ့၍ တင်းကြပ်စွာလုပ်ဆောင် တိကျစွာလုပ်ဆောင်ပေးရန် လိုအပ်သည်။ ထိုသို့ လုပ်ဆောင်ခြင်းသည် အရပ်သားပြည်သူများအပေါ် ၎င်းတို့၏ဆန္ဒအား ဆန့်ကျင်၍ အတင်းအကျပ်စစ်မှုထမ်းရန် ခေါ်ယူခြင်းကို ဆက်လက်မလုပ်နိုင်အောင် ကာကွယ်ရာတွင် အရေးကြီးသောအဆင့်ဖြစ်သည်။

### ကုလသမဂ္ဂ

• မြန်မာ့စစ်အာဏာရှင်အနေဖြင့် စနစ်တကျပြုလုပ်သည့် အတင်းအဓမ္မ စစ်မှုထမ်းခေါ်ယူမှုများကြောင့် ဖြစ်ပေါ်လာသော အောက်ပါအဖြစ်အပျက်များဖြစ်သည့်—

- အတင်း အဓမ္မ ပျောက်ဆုံးမှုများ
- ကလေးစစ်သား စုဆောင်းပြီးတပ်သားအဖြစ်ခေါ်ယူခြင်း
- တရားလက်လွတ်သတ်ဖြတ်မှုများ အခြားသော လူ့အခွင့်အရေးချိုးဖောက်မှု များကို အခြေခံပြီး ကုလသမဂ္ဂ အနေဖြင့် အကြမ်းဖက်စစ်အုပ်စုအား တရားဝင် ပြတ်ပြတ်သားသား ရှုတ်ချကန့်ကွက်သင့်သည်။

• ကုလသမဂ္ဂလုံခြုံရေးကောင်စီက ၂၀၂၂ ခုနှစ်တွင် ချမှတ်ခဲ့သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် 2669 (2022) ၏ နောက်ဆက်တွဲ ဆုံးဖြတ်ချက်တရပ်ကို ချမှတ်သင့်သည်။ ၎င်းတွင် အောက်ပါအကြောင်းအရာ များ ပါဝင်သင့်သည်–

- စစ်အုပ်စုအဖွဲ့ဝင်များ၊ ၎င်းတို့၏စီးပွားရေးလုပ်ငန်းများနှင့် မိတ်ဖက်များအား ပစ်မှတ်ထားသော ဒဏ်ခတ် ပိတ်ဆို့ အရေးယူမှုများ၊
- စစ်လက်နက်များ၊ ပျက်စီးမှုအမြင့်မားသော လက်နက်ခဲယမ်း ပစ္စည်းများ၊ လေယာဉ်ဆီများ တင်သွင်းမှုအား တားမြစ်သော ပိတ်ဆို့မှုများ
- မြန်မာနိုင်ငံရေးအခြေအနေများနှင့်စပ်လျဉ်း၍ နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICC) သို့ အမိန့်ပြုအပ်နှင်းခြင်း အပါအဝင် တာဝန်ယူမှု၊ တာဝန်ခံမှုများအတွက် နိုင်ငံတကာကြိုးပမ်းမှုများအား ထောက်ခံခြင်း၊ အသစ်ဖြစ်လာမည့် ဆုံးဖြတ်ချက်တွင် အတင်းအဓမ္မစုဆောင်းမှုများအပေါ် ကိုင်တွယ်ဖြေရှင်းရန်နှင့် ချိုးဖောက်မှုများကို စောင့်ကြည့်၍ အစီရင်ခံ နိုင်မည့် စနစ်တကျအဖွဲ့အစည်းတစ်ရပ်(သို့) ယန္တရားများ ကို တည်ထောင် သင့်သည်။

## အာဆီယံနှင့် အိမ်နီးချင်းနိုင်ငံများ

အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသောနိုင်ငံများအနေဖြင့် အတင်းအဓမ္မစစ်မှုထမ်းရန် ခေါ်ယူစုဆောင်းခြင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးသက်ရောက်မှုများကို လျှော့ချပေးနိုင်ရန် အရေးပါသော အခန်းကဏ္ဍမှ တာဝန်ယူ ပါဝင်ဆောင်ရွက်နိုင်ပါသည်။ ထိုနိုင်ငံများအနေဖြင့် အောက်ဖော်ပြပါအရေးယူမှုများကို ပြုလုပ်သင့်သည် –

• မြန်မာအကြမ်းဖက်စစ်အုပ်စု၏ အတင်းအကျပ် စစ်မှုထမ်းခြင်းခေါ်ယူမှုကို ကန့်ကွက်ရှုတ်ချပြီး စစ်တပ်နှင့် ထိတွေ့ဆက်သွယ် ဆောင်ရွက်မှုအားလုံးကို ရပ်ဆိုင်းရန်။

• အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရှိ အရပ်ဘက်လူမှု အဖွဲ့အစည်းများနှင့် တရားဝင် ထိတွေ့ဆက်ဆံ ပူးပေါင်း ဆောင်ရွက်ရန်။

• ရွှေ့ပြောင်းနေထိုင်သူများအပြင် အတင်းအဓမ္မစစ်မှုထမ်းခေါ်ယူမှုမှ လွတ်မြောက်ရန် ထွက်ပြေးလာသူများကို လူ့အခွင့်အရေး ချိုးဖောက်မှုခံခဲ့ရသူအဖြစ် အသိအမှတ်ပြုသဘောထားသင့်သည်။

• မြန်မာနိုင်ငံသားများသည် လူကုန်ကူးမှု သို့မဟုတ် အတင်းအဓမ္မလုပ်အားပေး ခိုင်းစေမှုကြောင့် ထပ်မံထိခိုက်မှု မဖြစ်စေရန် ကာကွယ်မှုစနစ်များ အကောင်အထည်ဖော် တည်ဆောက်ရန်။

• အန္တရာယ်ရှိသည့် မူလနိုင်ငံသို့ ပြန်မပို့သည့် (Non-refoulement) မူဝါဒကို လက်ခံကျင့်သုံးရန်နှင့် မြန်မာပြည်သို့ ပြန်ပို့ခံရခြင်းကြောင့် အတင်းအကျပ် စစ်မှုထမ်းခြင်းခံရမည့် အန္တရာယ်ရှိသည့် လူတစ်ဦးချင်းစီ ကို ကာကွယ်ရန်။

• အတင်းအကျပ် စစ်မှုထမ်းခေါ်ယူမှုမှ လွတ်မြောက်လာသူ များအတွက် မှတ်တမ်းတင်ခြင်းနှင့် ကာကွယ်ထိန်းသိမ်းရေး ယန္တရားများ၊ စနစ်များ လွယ်ကူချောမွေ့စေရန် အထူးပြုလုပ် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန်။

## နိုင်ငံတကာအသိုင်းအဝိုင်း

နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် အကြမ်းဖက် စစ်အုပ်စု၏ အတင်းအကြပ် စစ်မှုထမ်းခြင်းများကို အဆုံးသတ်ရန်နှင့် စစ်အုပ်စု အာဏာတည်မြဲမှုနိုင်မှုအား အားနည်းသွားစေရန်အတွက် အထိရောက်ဆုံး လုပ်ဆောင်ချက်များ ကိုယူဆောင်သင့် ပြီး ၎င်းနည်းလမ်းများကို ထိထိရောက်ရောက် ဖြစ်စေရန်အတွက် အောက်ဖော်ပြပါ အရေးယူမှုများကို လုပ်ဆောင်သင့်သည့်–

• **သံတမန်ဆိုင်ရာအရေးယူမှုများ -** စစ်အုပ်စုနှင့် ထိတွေ့ဆက်ဆံမှုအား ရပ်ဆိုင်းခြင်းဖြင့် ၎င်း၏ အတင်းအကျပ် စစ်မှုထမ်း ခေါ်ယူမှုမူဝါဒကို တရားမဝင် အဖြစ် သတ်မှတ်ခြင်း

• **ပစ်မှတ်ထား စီးပွားရေးပိတ်ဆို့ အရေးယူမှုများနှင့် ပစ္စည်းများ ငွေကြေးရင်းနှီးမြှုပ်နှံမှုများကို ရပ်ဆိုင်းခြင်း** – အတင်းအကျပ် စစ်မှုထမ်းခြင်းများ ခေါ်ယူမှုတွင် တိုက်ရိုက် ပါဝင်နေသော စစ်ဘက်ဆိုင်ရာ ယူနစ်များ၊ လူတစ်ဦးချင်းစီအပေါ် ၎င်းတို့၏

စီးပွားရေး လုပ်ငန်းများ၊ မိတ်ဖက်များအပေါ် တိုးချဲ့၍ ပစ်မှတ်ထားကာ ပြင်းပြင်းထန်ထန် ပိတ်ဆို့မှုများ ချမှတ်ခြင်း၊ ငွေကြေးရင်းမြစ်များအား တားဆီးခြင်းဖြင့် အဓမ္မစစ်မှုထမ်းခြင်းများ ခေါ်ယူရေးဆောင်ရွက်မှုများအတွက် အသုံးပြုသော အရင်းအမြစ်များကို ဖြတ်တောက်ရန်။

- **လက်နက်ပိတ်ဆို့မှုနှင့် နည်းပညာအကန့်အသတ်များ** – စစ်တပ်အာဏာရှင် အနေဖြင့် အတင်းအဓမ္မ စုဆောင်းယူမှုများကို အကောင်အထည်ဖော်ရာတွင် အသုံးပြုနိုင်သော နည်းပညာပစ္စည်းများနှင့် အရင်းအမြစ်များကိုရရှိခြင်းမှ တားဆီးရန်။

- **လူသားချင်းစာနာမှုအကူအညီများ** – အတင်းအဓမ္မစစ်မှုထမ်း ခေါ်ယူမှုကြောင့် ထိခိုက်နစ်နာနေသော ပြည်တွင်းစစ်ရှောင်များနှင့် စစ်ဘေးဒုက္ခသည်များထံသို့ နယ်စပ်ဖြတ်ကျော် ကူညီမှုများကို တိုက်ရိုက်ပေးအပ်ခြင်း၊ ထိုအကူအညီများကို တိုင်းရင်းသားအဖွဲ့များနှင့် မြေပြင်ရှိ အရပ်ဘက်လူ့အဖွဲ့အစည်းများဖြင့် လမ်းကြောင်းဖန်တီး၍ ဖြန့်ဝေခြင်း၊ ထိုသို့သော အကူအညီများသည် စစ်အုပ်စုအား သွယ်ဝိုက်သောနည်းဖြင့် မထောက်ခံကြောင်း အဓိပ္ပာယ်သက်ရောက်စေပါသည်။

- **တော်လှန်ရေးကြိုးပမ်းမှုများအပေါ် ထောက်ခံမှု** – အရပ်ဘက်လူမှု အဖွဲ့အစည်းများ အပါအဝင် အဓမ္မစစ်မှုထမ်းစုဆောင်းမှုများအား မှတ်တမ်းပြုစုသည့်အဖွဲ့အစည်းများနှင့် အဆိုပါ အဓမ္မစစ်မှုထမ်းစုဆောင်းမှုများအား ဆန့်ကျင်နေသည့် အဖွဲ့များအတွက် ဥပဒေပိုင်းဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးမှုများကို အားကောင်းစေခြင်း။

## တရားဥပဒေအရ တာဝန်ယူမှုနှင့် သက်ဆိုင်သူများအတွက် လျော်ကြေးပေးရေး ယန္တရားများ

အပြစ်ပေးခံရခြင်းများကို အဆုံးသတ်ရန်အတွက် နိုင်ငံတကာ အဖွဲ့အစည်းများ အနေဖြင့် မြန်မာနိုင်ငံအတွင်း အတင်းအကျပ် စစ်မှုထမ်းခေါ်ယူ စုဆောင်းခြင်းများအား အထူးပြု၍ မှတ်တမ်းတင်ခြင်း၊ အတည်ပြု စိစစ်ခြင်းနှင့် တရားစွဲခြင်းဆိုင်ရာ ဆောင်ရွက်နိုင်သည့် စနစ်တကျစီမံကိန်း ယန္တရားများကို ထူထောင် သင့်သည်။ ထို့အတွက် –

- IIMM (Independent Investigative Mechanism for Myanmar) နှင့် OHCHR (Office of the High Commissioner for Human Rights) တို့အား အတင်းအကျပ် စစ်မှုထမ်းခေါ်ယူမှုများအပေါ် သက်သေထောက်ခံချက် များ စုဆောင်းရန် တိတိကျကျ တောင်းဆိုခြင်းနှင့် တာဝန်ပေးခြင်း။

- နိုင်ငံတကာတရားရုံးများနှင့် ကမ္ဘာလုံးဆိုင်ရာ တရားစီရင်ပိုင်ခွင့်အာဏာ (universal jurisdiction) ဖြင့် တရားဥပဒေအရ လုပ်ထုံးလုပ်နည်းကို ကျင့်သုံးသည့် နိုင်ငံများအား ပြစ်မှုကျူးလွန်သူများကို တရားစွဲခြင်းအတွက် ထောက်ပံ့ပေးခြင်း။

- အတင်းအဓမ္မ စစ်မှုထမ်းခြင်းမှ ပြန်လွတ်လာသူများအတွက် တရားမျှတမှုရရှိစေရန်နှင့် လျော်ကြေးငွေများ ရရှိခွင့် ရှိစေရေး အတွက် လမ်းကြောင်း ဖန်တီးခြင်း။

၎င်းအရေးယူမှုများကို အကောင်အထည်ဖော်ခြင်းဖြင့် မြန်မာနိုင်ငံအတွင်း အတင်းအကျပ် စစ်မှုထမ်းခေါ်ယူမှုကို ဖယ်ရှား နိုင်ရန်နှင့် ထိုအမှုအတွက်သာ မဟုတ်ဘဲ ခံစားရသူများအတွက် တရားမျှတမှုရရှိရေးတွင် ခိုင်မာတိကျသော အဆင့် တစ်ခု အဖြစ် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ဆောင်ရွက်နိုင်မည် ဖြစ်သည်။

## ကိုးကား


[၁] https://eastasiaforum.org/2024/10/26/myanmar-faces-manifold-crises-as-military-conscription-drives-mass-exodus/;

https://www.usip.org/publications/2024/02/myanmars-fateful-conscription-law;

https://www.irrawaddy.com/news/war-against-the-junta/growing-rebellion-myanmars-youth-flock-to-armed-resistance-rejecting-junta-conscription.html

[၂] https://www.bbc.com/news/world-asia-68345291;

https://thediplomat.com/2024/05/military-conscription-in-southeastern-myanmar-demands-international-intervention/;

https://www.theguardian.com/world/2024/sep/28/snatched-from-their-beds-taken-on-the-streets-the-young-men-in-myanmar-forced-to-fight-the-juntas-losing-war;

https://www.bbc.com/news/articles/c0j8947641xo

[၃] https://news.un.org/en/story/2024/02/1146802;

https://www.hrw.org/news/2024/04/10/myanmar-military-forcibly-recruiting-rohingya;

https://www.fortifyrights.org/bgd-inv-2024-07-26/;

https://aseanmp.org/publications/post/aphr-denounces-myanmars-forced-conscription-of-youth-calls-for-urgent-international-action/

[၄] https://news.un.org/en/story/2024/07/1152591;

https://upstreamjournal.org/myanmar-child-soldiers/;

https://childrenandarmedconflict.un.org/where-we-work/myanmar/.

လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန


http://mohr.nugmyanamr.org

mohr@nugmyanmar.org

https://www.facebook.com/mohrmyanmar

https://t.me/MOHRnugmyanmar

https://x.com/mohr_nug

https://www.youtube.com/@MinistryofHumanRights_NUG